# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇွန် ၂၂

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အများပြည်သူ ဘတ်စ်လိုင်းကားပြေးဆွဲပေးနိုင်ရေး၊ တရားမဝင်မော်တော်ဆိုင်ကယ်များကို လိုင်စင်ပြန်လည်ပြုလုပ်ပေးနိုင်ရေး၊ ကမ်းထိန်းနံရံများဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေးနှင့် ဆရာဝန်နှင့် သူနာပြုလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း(၅)ခု မေးမြန်းခြင်းတို့ကို ဆောင်ရွက် ကြသည်။

ဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီ နယ်မြေတွင် အများပြည်သူ ဈေးနှုန်းချိုသာစွာဖြင့် သွားလာနိုင်သည့် ဘတ်စ်လိုင်းကားများပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့် က နေပြည်တော်တွင် လက်ရှိမော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)၏ ကြီးကြပ်မှုဖြင့် ရွှေသပြေ၊ ရွှေအောင်လံ၊ ရွှေပြည်သစ် ယာဉ်လိုင်း ၃ လိုင်းမှ Light Truck ယာဉ်များဖြင့် ပျဉ်းမနား-မြို့မဈေး၊ ပျဉ်းမနား-မြို့မဈေး-တောင်ညို၊ ပျဉ်းမနား-တပ်ကုန်း ခရီးစဉ်များသို့ နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း၊ တော်ဝင်ယာဉ်အသင်းက လမ်းကြောင်း(၄)ခု ကို Bus ကားများဖြင့် ပြေးဆွဲလျက်ရှိပါကြောင်းနှင့် “ရာဇာမင်း” ခရီးသည်ပို့ဆောင်ရေး ယာဉ်အသင်းက EV Bus ကားများဖြင့် မြို့တွင်းယာဉ်လိုင်းပြေးဆွဲနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တစ်နိုင်ငံလုံးရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား အခွန်ငွေ သတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်းနှင့်** သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး၏ **လိုင်စင်မဲ့ဆိုင်ကယ်များကို လိုင်စင် ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ လုပ်ပေးနိုင်ပါက ဘယ်ချိန်ကာလတွင် စတင်ပြု**

**လုပ်ပေးမည်နှင့်မလုပ်ပေးနိုင်ပါက အဘယ်ကြောင့်မလုပ်ပေးနိုင်ခြင်းကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင် က မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော တရားမဝင် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များသည် ဥပဒေနှင့်မညီသည့်အတွက် အထောက်အထားများ တင်ပြနိုင်ခြင်း မရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများ မိုးရာသီတွင် ကမ်းပါးများရေတိုက်စားမှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် သစ်ဆိန်ပင်ကျေးရွာ ပေ(၈၅၀)၊ ဖောင်းတောကျေးရွာ ပေ(၁၅၀၀)၊ အနော်ရထာရပ်ကွက် တံတားအထက် ပေ(၁၀၀၀) - တံတား အောက် ပေ (၁၅၀၀) ၊ လက်ပံကုန်းကျေးရွာ ပေ(၇၀၀)၊ ရှောက်ကုန်းကျေးရွာ ပေ(၉၀၀)တို့အား ကမ်းထိန်းနံရံများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများချမှတ်၍ ဆောင် ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင် က နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အနော်ရထာရပ်ကွက်၊ နဝင်းချောင်းကမ်းပြိုကာကွယ် ရေးလုပ်ငန်း၊ သစ်ဆိန်ပင်ကျေးရွာ ရေကြီးရေလျှံချောင်းပေါက်ထွက်မှုကာကွယ်ရေးလုပ်ငန်း များအတွက် ခန့်မှန်းကုန်ကျစရိတ် တင်ပြတောင်းခံခဲ့ရာ ရန်ပုံငွေလျာထားပါဝင်ခြင်း မရှိသည့် အတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်တင်ပြ တောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့် ကမ်းပြိုနေရာများဖြစ်သည့် ဖောင်းတောကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ရှောက်ကုန်း ကျေးရွာ တို့ကိုလည်း ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ဆောင်ရွက်သင့်သည့် အစီအမံများနှင့်အတူ ဘဏ္ဍာ ရန်ပုံငွေရရှိရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ပြန်လည် ဖြေကြားသည်။

ခရမ်းမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **ခရမ်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ (၁)ခု၊ ကျီနီချောင်တိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက်နယ်ဆေးရုံနှင့် ပိန်းကန် တိုက်နယ်ဆေးရုံ (၃)ရုံရှိပြီး ဆရာဝန် (၁၁)ဦးနှင့် သူနာပြု (၂၀)ဦး လိုအပ်လျက်ရှိပါသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း က ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျီနီချောင်တိုက်နယ်ဆေးရုံ၊ ကမာမတ်တိုက် နယ်ဆေးရုံနှင့်ပိန်းကန်တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်နှင့်သူနာပြုများ တာဝန်ထမ်းဆောင်လျက် ရှိပါကြောင်း၊ ထိုအပြင် တိုက်နယ်ဆေးရုံတိုင်းတွင် အနည်းဆုံးဆရာဝန်တစ်ဦး ထားရှိနိုင်ရေး မှုအရဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရမ်းပြည်သူ့ဆေးရုံ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်

အပေါ်မူတည်ပြီး လက်ထောက်ဆရာဝန်များ ထပ်မံခန့်ထားနိုင်ရေးစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း၊ ယခုလအတွင်း သစ်လွင်သူနာပြုများအား ခန့်ထားသည့်အချိန်တွင် သူနာပြု ၆ ဦးအား ခွဲဝေခန့်ထားပေးမည်ဖြစ်ပါကြောင်းပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **တန့်ယန်းမြို့ ပြည်သူ့ဆေးရုံအား (၂၅) ခုတင်ဆံ့ဆေးရုံမှ ခုတင် (၅၀) ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က ရှမ်းပြည်နယ်( မြောက်ပိုင်း)၊ တန့်ယန်းမြို့တွင်( ၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံ(၁)ရုံ၊ ဝိန်းကောင်တိုက်နယ်ဆေးရုံ၊ မန်ပန်တိုက်နယ်ဆေးရုံ၊ မန်ကတ်တိုက်နယ်ဆေးရုံနှင့် မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံ (၅ ) ရုံဖွင့်လှစ်ထားရှိပြီးဖြစ်ပြီး တန့်ယန်းမြို့ ပြည်သူ့ဆေးရုံ၏ ခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ သတ်မှတ်ထားသောမူအရ ပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် လတ်တလော ခုတင်(၅၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၏ **ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံတွင် မြို့နယ် ဆရာဝန်ကြီးတစ်ဦးသာရှိပြီး သွားဆရာဝန်နှင့်အတူ ဆေးပညာရှင်ဝန်ထမ်းများလိုအပ်လျက်ရှိပါသဖြင့် တာဝန်ချခန့်ထားပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က ဖောင်းပြင်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံအတွက် သွားဆရာဝန်တစ်ဦးအား ယခုနှစ်အတွင်း တာဝန်ချထားပေးသွားမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်နှင့်အညီ ကျန်သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တာဝန်ချထားပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင်မြို့နယ်၊ ရွှေလုံမိုလ်(ကံအောက်) ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု လိုအပ်လျက်ရှိပါသောကြောင့် တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း က စဉ့်ကိုင်မြို့နယ်၊ ရွှေလုံမိုလ်(ကံအောက်)ကျေးရွာသည် ရွာဘိုကျေးလက် ကျန်းမာရေးဌာနနှင့် နတ်ရေကန်ကျေးလက်ကျန်းမာရေးဌာနခွဲများမှ စောင့်ရှောက်မှုပေးနေသော ကျေးရွာတစ်ရွာဖြစ်ပြီး၊ ယခု အဆိုပြုနေရာတွင် တိုက်နယ်ဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံသတ်မှတ်ချက်များဖြစ်သော ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာဖြစ်ရမည်ဆိုသည့် အချက်နှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန် ခက်ခဲသောနယ်မြေ

ဖြစ်ရမည်ဆိုသည့် လိုအပ်ချက်များရှိနေပါသဖြင့် လက်ရှိအချိန်တွင် ခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)